# အထူးကုန်စည်ခွန်နှင့် ပတ်သက်သည့် သိကောင်းစရာများ

## ရည်ရွယ်ချက်

- ❖ စာစောင်၏ရည်ရွယ်ချက်မှာ လုပ်ငန်းရှင်များအနေဖြင့် အထူးကုန်စည်ခွန်ကျသင့်စေရန် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်ထားသည့် အထူးကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်းများ ဆောင်ရွက်သည့်အခါ ကျသင့်သည့် အခွန်နှုန်းထားများ၊ အထူးကုန်စည်ခွန်ဥပဒေနှင့် အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့်ကိစ္စရပ်များကို အခွန်ထမ်းပြည်သူများ ရှင်းလင်းစွာသိရှိနားလည်နိုင်စေရန် ဖြစ်ပါသည်။

## အထူးကုန်စည်ခွန်

- ❖ အထူးကုန်စည်ခွန်ဆိုသည်မှာ နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေဖြင့် အထူးကုန်စည်ခွန် ကျသင့်စေရန် သတ်မှတ်ထားသော ကုန်စည်အမျိုးအစားများကို ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်းနှင့် ပြည်ပသို့တင်ပို့ခြင်း လုပ်ငန်းများဆောင်ရွက်သည့်အခါ ပေးဆောင်ရသည့် အခွန်အမျိုးအစားဖြစ်ပါသည်။
- ❖ သို့ရာတွင် ပြည်ပသို့တင်ပို့သည့် အထူးကုန်စည်များအနက် သစ်လုံး၊ သစ်ခွဲသားများ တင်ပို့ခြင်းအတွက်သာ အထူးကုန်စည်ခွန် ကျသင့်မည်ဖြစ်ပါသည်။ ကျန်အထူးကုန်စည်များ ပြည်ပသို့တင်ပို့ခြင်းအပေါ် အထူးကုန်စည်ခွန် ကျသင့်မည်မဟုတ်ပါ။
- ❖ သမဝါယမကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍများက ဆေးရွက်ကြီး၊ ဆေးပေါ့လိပ်နှင့် ဆေးပြင်းလိပ်များကို ပြည်တွင်း၌ ထုတ်လုပ်ရောင်းချခြင်းဖြစ်ပါက ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ထုတ်လုပ်ရောင်းရငွေ စုစုပေါင်းကျပ်သိန်း (၂၀၀)တိတိ ထက်မပိုလျှင် အထူးကုန်စည်ခွန် စည်းကြပ်ခြင်းမပြုပါ။
  (အထူးကုန်စည်ခွန်ကျသင့်မည့် ကုန်စည်အမျိုးအစားများနှင့် အခွန်နှုန်းထားများကို နှစ်စဉ်ပြဋ္ဌာန်းသည့် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေတွင် လေ့လာနိုင်ပါသည်။)

## အထူးကုန်စည်ခွန် ပေးဆောင်ရမည့် လုပ်ငန်းအမျိုးအစားများ

- ❖ ပြည်တွင်း၌ ထုတ်လုပ်ခြင်းလုပ်ငန်း၊
- ❖ ပြည်တွင်းသို့ တင်သွင်းခြင်းလုပ်ငန်း၊
- ❖ ပြည်ပသို့ တင်ပို့ခြင်းလုပ်ငန်း၊

**အထူးကုန်စည်ခွန် ပေးဆောင်ရန် တာဝန်ရှိသူများ**

- ❖ ပြည်တွင်း၌ထုတ်လုပ်ခြင်းဖြစ်ပါက - ထုတ်လုပ်သူ
- ❖ ပြည်တွင်းသို့တင်သွင်းခြင်းဖြစ်ပါက - တင်သွင်းသူ
- ❖ ပြည်ပသို့တင်ပို့ခြင်းဖြစ်ပါက - တင်ပို့သူ

**အထူးကုန်စည်ခွန် ပေးဆောင်ရမည့်အချိန်**

❖ **ပြည်တွင်း၌ ထုတ်လုပ်ခြင်းဖြစ်ပါက -**

- ➢ ထုတ်လုပ်မှုအပေါ် အခွန်ကျသင့်စေရန် ဝန်ကြီးဌာနက အမိန့်ကြော်ငြာစာထုတ် ပြန်သတ်မှတ်သည့် အထူးကုန်စည်များ - ထုတ်လုပ်သည့်လ ကုန်ဆုံးပြီး (၁၀)ရက်အတွင်း၊

  (စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၂၄-၉-၂၀၁၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၇၃/၂၀၁၉ ဖြင့် သဘာဝဓါတ်ငွေ့ကို အခွန်ကျသင့်မည့် အထူးကုန်စည်အဖြစ် သတ်မှတ်ခဲ့ပါသည်။)
- ➢ ကျန်အထူးကုန်စည်များ - ရောင်းချသည့်လ ကုန်ဆုံးပြီး (၁၀)ရက်အတွင်း၊

❖ **ပြည်တွင်းသို့ တင်သွင်းခြင်းဖြစ်ပါက -**

- ➢ အကောက်ခွန်သိုလှောင်ရုံမှ ကုန်စည်ကို ရွေးယူခြင်း၊ ထုတ်ယူခြင်း၊ ရွှေ့ပြောင်းခြင်း မပြုမီ၊

❖ **ပြည်ပသို့ တင်ပို့ခြင်းဖြစ်ပါက -**

- ➢ တင်ပို့သည့်လ ကုန်ဆုံးပြီး (၁၀) ရက်အတွင်း၊

❖ **အထူးကုန်စည်ခွန်မပေးဆောင်ရသေးသော ကုန်စည်များကို ပိုင်ရှင်(သို့မဟုတ်) လက်ဝယ်ထားရှိသူ ထံတွင်တွေ့ရှိရပါက -**

- ➢ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည် များကို လက်ဝယ်ထားရှိခြင်းဖြစ်ပါက - လက်ဝယ်ထားရှိသူ
- ➢ စိစစ်တွေ့ရှိရသည့်နေ့မှ (၇) ရက်အတွင်း၊

**အထူးကုန်စည်ခွန်ဥပဒေအရ လုပ်ငန်းမှတ်ပုံတင်ခြင်း**

❖ **အထူးကုန်စည်ကို ပြည်တွင်း၌ ထုတ်လုပ်သူများအနေဖြင့် -**

- ➢ ကုန်စည်များကို စတင်ထုတ်လုပ်ခြင်းမပြုမီ သုံးလကြိုတင်၍ သက်ဆိုင်ရာ အခွန်ဦးစီးဌာနမှူးရုံး များတွင် လုပ်ငန်းမှတ်ပုံတင်ခွင့်ပြုရန် ပုံစံ ပတခ(အထခ)-၁နှင့်အတူ အောက်ပါ သတင်းအချက် အလက်နှင့် အထောက်အထားစာရွက်စာတမ်းများ ပူးတွဲလျှောက်ထားရမည် -
  - ▪ နိုင်ငံသားစိစစ်ရေးကတ်ပြား (သို့မဟုတ်) ပတ်စ်ပို့ မိတ္တူ၊

- လိုင်စင် ဓါတ်ပုံ(၂)ပုံ၊
- ယစ်မျိုးလိုင်စင် မိတ္တူ၊
- စက်မှုကြီးကြပ်လိုင်စင် မိတ္တူ၊
- စက်စွမ်းအား၊
- ထုတ်လုပ်မည့် အထူးကုန်စည်အမျိုးအစား၊
- ကုန်ကြမ်းရရှိမှုအခြေအနေ၊ ကုန်ကြမ်းနှင့် ကုန်ချောထွက်ရှိမှု အချိုး၊
- အထူးကုန်စည်များကို ထုတ်လုပ်သူ သို့မဟုတ် ထုတ်လုပ်သည့်နေရာရှိ တာဝန်ခံ ပုဂ္ဂိုလ်၊
- အထူးကုန်စည်များကို ထုတ်လုပ်သည့်နေရာရှိ ဝန်ထမ်းအရေအတွက်၊
- ခွင့်ပြုချက် လျှောက်ထားသည့် အထူးကုန်စည်ထုတ်လုပ်မည့် လုပ်ငန်းဥပစာနေရာ သို့မဟုတ် လိပ်စာအပြည့်အစုံ၊
- ထုတ်လုပ်မှုလုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုချက်လျှောက်ထားသည့် အဆောက်အအုံ၊ အဆောက်အအုံ အတွင်းပိုင်းပုံစံ၊ မြေအကျယ်အဝန်းနှင့်နယ်နိမိတ်၊ ခြံစည်းရိုးနှင့် အကာအရံအမျိုးအစား၊
- မှတ်ပုံတင်ထားသည့် ဘဏ္ဍာနှစ်တစ်နှစ်အတွင်း ခွင့်ပြုချက်လျှောက်ထားသော လုပ်ငန်းဥပစာ တစ်ခုစီ၌ ထုတ်လုပ်မည့် အထူးကုန်စည်အမျိုးအစား တစ်ခုချင်းစီ၏ ပမာဏနှင့်တန်ဖိုး၊

➢ လုပ်ငန်းသဘော သဘာဝအရ တစ်ခုခုပြောင်းလဲမှုရှိပါက ပြောင်းလဲမှုပြုလုပ်ပြီး (၁၅) ရက်အတွင်း သက်ဆိုင်ရာ အခွန်ဦးစီးဌာနမှူးရုံးသို့ စာဖြင့် အကြောင်းကြားရမည်။

### ❖ အထူးကုန်စည်ကို ပြည်တွင်းသို့ တင်သွင်းသူများအနေဖြင့် -

➢ ပြည်ပမှတင်သွင်းသူမည်သူမဆို အထူးကုန်စည်များကို အကောက်ခွန်သိုလှောင်ရုံမှ ရွေးယူခြင်း၊ ထုတ်ယူခြင်း၊ ရွှေ့ပြောင်းခြင်းများမပြုမီ သက်ဆိုင်ရာ အခွန်ဦးစီးဌာနမှူးရုံးများတွင် လုပ်ငန်း မှတ်ပုံတင်ခွင့်ပြုရန် ပုံစံပတခ(အထခ)-၁နှင့်အတူ အောက်ပါစာရွက်စာတမ်းများပူးတွဲ လျှောက် ထားရမည်-

- နိုင်ငံသားစိစစ်ရေးကတ် (သို့မဟုတ်) ပတ်စ်ပို့ မိတ္တူ၊
- အိမ်ထောင်စုဇယားမိတ္တူ၊
- လိုင်စင်ဓါတ်ပုံ(၂)ပုံ၊
- သွင်းကုန်လိုင်စင်၊
- ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊

➢ အရက်အမျိုးမျိုးနှင့်ဝိုင်အမျိုးမျိုးကို တင်သွင်းသူများအနေဖြင့် ဖော်ပြပါစာရွက်စာတမ်းများအပြင် အောက်ပါတို့ကို ပူးတွဲတင်ပြရမည်-

- ကုန်သွယ်ရေးဦးစီးဌာန၏ ယမကာတင်သွင်းခွင့်မှတ်ပုံတင်လက်မှတ်၊
- သက်ဆိုင်ရာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ခွင့်ပြုထုတ်ပေးထားသောယစ်မျိုးလိုင်စင်၊

- ထုတ်လုပ်/ ဖြန့်ဖြူး/ သိုလှောင် ရောင်းချခွင့်လက်မှတ်၊

❖ **အထူးကုန်စည်ကို ပြည်ပသို့ တင်ပို့သူများအနေဖြင့် -**

➢ အထူးကုန်စည်များကို အကောက်ခွန်ဆိုင်ရာရှင်းလင်း တင်ပို့ခြင်းမပြုမီ သက်ဆိုင်ရာ အခွန်ဦးစီးဌာနမှူးရုံးများတွင် လုပ်ငန်းမှတ်ပုံတင်ခွင့်ပြုနိုင်ပါရန် ပုံစံ ပတခ(အထခ)-၁နှင့်အတူ အောက်ပါ စာရွက်စာတမ်းများ ပူးတွဲလျှောက်ထားရမည်-

- နိုင်ငံသားစိစစ်ရေးကတ်ပြား (သို့မဟုတ်) ပတ်စ်ပို့ မိတ္တူ၊
- ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊
- လိုင်စင်ဓါတ်ပုံ(၂)ပုံ၊
- ပြည်ပတင်ပို့လိုင်စင်၊
- ပြည်ပမှ ကုန်ဝယ်အမှာစာ၊

## လုပ်ငန်းမှတ်ပုံတင် သက်တမ်းတိုး လျှောက်ထားရမည့်အချိန်

❖ အထူးကုန်စည် ထုတ်လုပ်သူ၊ တင်သွင်းသူ၊ တင်ပို့သူများအတွက် ထုတ်ပေးသည့် လုပ်ငန်းမှတ်ပုံတင် လက်မှတ်သည် ဘဏ္ဍာရေးနှစ် တစ်နှစ်တာကာလအတွက်သာ ဖြစ်သောကြောင့် ဘဏ္ဍာရေးနှစ် ကူးပြောင်းသည့်အခါ လုပ်ငန်းကိုဆက်လက်ဆောင်ရွက်လိုပါက လုပ်ငန်းမှတ်ပုံတင် သက်တမ်းတိုး လျှောက်ထားခြင်းကို ဘဏ္ဍာရေးနှစ် မစတင်မီ(၃)လအတွင်း လျှောက်လွှာတင်သွင်းရမည်။

## ကြေညာလွှာတင်သွင်းခြင်း

❖ အခွန်ကျသင့်သော အထူးကုန်စည်များကို ပြည်တွင်း၌ ထုတ်လုပ်သူသည် ပုံစံ ပတခ(အထခ)-၈ ကို အသုံးပြုလျက် သုံးလပတ်ကြေညာလွှာကို သက်ဆိုင်ရာ သုံးလပတ်ကုန်ဆုံးပြီး (၁၀)ရက်အတွင်း သက်ဆိုင်ရာ အခွန်ဦးစီးဌာနမှူးထံ တင်သွင်းရမည်။

❖ အခွန်ကျသင့်သော အထူးကုန်စည်ကို ပြည်တွင်းသို့တင်သွင်းသူသည် တင်သွင်းသည့် အထူးကုန်စည် များကို အကောက်ခွန်ဆိုင်ရာ ရှင်းလင်းထုတ်ယူခြင်း မပြုမီ ပုံစံ ပတခ(အထခ)- ၆ ကို အသုံးပြု၍ အထူးကုန်စည်စာရင်းကို အကောက်ခွန်ဦးစီးဌာနသို့ တင်သွင်းရမည်။

❖ အခွန်ကျသင့်သော အထူးကုန်စည်များကို ပြည်ပသို့တင်ပို့သူသည် သုံးလပတ်ကြေညာလွှာကို သက်ဆိုင်ရာ သုံးလပတ်ကုန်ဆုံးပြီး (၁၀)ရက်အတွင်း ပုံစံ ပတခ(အထခ)- ၈ အသုံးပြုလျက် သက်ဆိုင်ရာ အခွန်ဦးစီးဌာနမှူးထံ တင်သွင်းရမည်။

## စာရင်းများ ပြုစုထားရှိရန် နည်းလမ်းများ

❖ စာရင်းများကိုပြုစုထားရှိရာတွင် -

➢ စာရင်းကာလအတွင်း အမှန်တကယ် မရရှိသေးသော်လည်း ဖြစ်ထွန်းပေါ်ပေါက်ရန်ရှိသော ဝင်ငွေ အားလုံးကို ထိုစာရင်းကာလအတွင်း ရေးသွင်းရမည်။

➢ ငွေဝင်ငွေရရှိမှုနှင့်စပ်လျဉ်းသော ကုန်ကျစရိတ်အားလုံးကိုလည်း အမှန်တကယ် မပေးချေရသေး စေကာမူ ထိုစာရင်းကာလအတွင်း ထည့်သွင်းရေးဆွဲရပါမည်။

- သုံးလပတ်ကြေညာလွှာကို သက်ဆိုင်ရာသုံးလပတ်ကုန်ဆုံးပြီး (၁၀) ရက်အတွင်း တင်သွင်းရမည် ဖြစ်သောကြောင့် စာရင်းများကို တစ်လလျှင် စာရင်းချုပ်ရန်ဖြစ်သည်။
- လုပ်ငန်းမှတ်ပုံတင်ရရှိသူသည် ထုတ်ပြန်သတ်မှတ်ထားသည့် ညွှန်ကြားချက်နှင့်အညီ သတ်မှတ်ထားသော စာရင်း၊ စာအုပ်များနှင့်မှတ်တမ်းများကို လုပ်ငန်းဥပစာတွင် ထိန်းသိမ်းထားရမည်။

**အထူးကုန်စည်ကုန်စည်တံဆိပ်ကပ်နှိပ်ခြင်းနှင့် အခွန်ပေးဆောင်ပြီးကြောင်း အထောက်အထားများ**

- အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန်ခက်ခဲသော(စွဲကပ်ရန်ခက်သော)အထူးကုန်စည်များဖြစ်ပါက ကုန်စည်ကို ဝယ်ယူစဉ်က အထူးကုန်စည်ခွန်ထည့်သွင်းပေးဆောင်ထားခဲ့သည့် ပြေစာတင်ပြနိုင် ရမည်ဖြစ်ပါသည်။
- အခွန်အမှတ်တံဆိပ် ကပ်နှိပ်ထားခြင်းမရှိလျှင် သို့မဟုတ် သက်ဆိုင်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးက ထုတ်ပေးထားသော ခွင့်ပြုချက်အထောက်အထား တစ်စုံတစ်ရာမရှိပါက လုပ်ငန်းဥပစာအတွင်းမှ ရွှေ့ပြောင်းခြင်း သို့မဟုတ် ရောင်းချခြင်း သို့မဟုတ် ပြည်ပသို့တင်ပို့ခြင်း မပြုရပါ။
- အခွန်ကျသင့်သောအထူးကုန်စည်များကို ပြည်ပသိုတင်ပို့ခြင်းမပြုမီ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရမည်။
- ပြည်ပမှတင်သွင်းလာသည့် အထူးကုန်စည်များကို အကောက်ခွန်သိုလှောင်ရုံမှ ရွေးယူခြင်း၊ ထုတ်ယူခြင်း၊ ရွှေ့ပြောင်းခင်းမပြုမီ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရမည်။
- အသင့်သောက်သုံးနိုင်သည့် အရက်အမျိုးမျိုး/ ဝိုင်အမျိုးမျိုးဖြစ်ပါက သတ်မှတ်အခွန်အမှတ်တံဆိပ်ကို ကုန်စည်တစ်ခုချင်းစီ၌ စွဲကပ်ရမည်။

**ပြည်ပသို့ ပြန်လည်တင်ပို့ရန် ရည်ရွယ်ချက်ဖြင့် ယာယီ တင်သွင်းထားသည့် အထူးကုန်စည်များ**

- အကောက်ခွန်ဦးစီးဌာန၏ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရပါမည်။

**အခွန်ပြန်အမ်းငွေ တောင်းခံခြင်းနှင့် ခုနှိမ်ခြင်း**

- အခွန်ထမ်းပေးဆောင်ထားသည့် အခွန်ပမာဏသည် စည်းကြပ်သည့် အခွန်ပမာဏ သို့မဟုတ် ပေးဆောင်ရမည့် အခွန်ပမာဏထက်ပိုနေကြောင်း အခွန်ထမ်းက အထောက်အထားဖြင့် တင်ပြနိုင်လျှင်ပိုငွေကို အခွန်ပြန်အမ်းငွေအဖြစ် ထုတ်ပေးရမည်။ ယင်းပိုငွေကို ပြန်အမ်းငွေအဖြစ် ထုတ်ယူခြင်းမပြုလျှင်၊ အောက်ပါ ကိစ္စရပ်များအတွက် ခုနှိမ်ခွင့်ပြုနိုင်သည်-
  - အခွန်ထမ်းပေးဆောင်ရမည့်အခွန်၊ အတိုး(သို့မဟုတ်)ဒဏ်ကြေးငွေများ အဖြစ်လည်းကောင်း၊
  - လာမည့် ၁၂ လအတွင်း အခွန်ထမ်းပေးဆောင်ရမည့် ကြိုတင်ခွန် အဖြစ် လည်းကောင်း၊
- ပြန်အမ်းငွေ သို့မဟုတ် ခုနှိမ်ခွင့်ကို စည်းကြပ်မှုနှင့်စပ်လျဉ်းသည့် သက်ဆိုင်ရာအခွန်ကာလ ကုန်ဆုံးပြီးခြောက်နှစ်အတွင်း ထိုပြန်အမ်းငွေကိုထုတ်ပေးရန် သို့မဟုတ် ခုနှိမ်ပေးသွင်းခွင့်ပြုရန် တောင်းဆိုခွင့်ရှိသည်။
- ပျက်စီးဆုံးရှုံးသွားသော အထူးကုန်စည်များနှင့် ရောင်းချခြင်းမပြုရသေးသော အထူးကုန်စည်များအတွက် ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်ခွန်များကို ခုနှိမ်ခွင့်မရှိပါ။

- ❖ ပြည်တွင်းသို့တင်သွင်းသည့်ကုန်စည်များကို ပြန်လည်ထုတ်လုပ်ခြင်းဖြစ်ပါက ပြည်တွင်းသို့ ဝယ်ယူတင်သွင်းစဉ်က ပေးဆောင်ခဲ့ရသည့် အထူးကုန်စည်ခွန်များကို ခုနှိမ်နိုင်သည်။

## ပြန်လည်သုံးသပ်ပေးရန် လျှောက်ထားခြင်းနှင့်အယူခံခြင်း

- ❖ အခွန်ထမ်းသည် ဦးစီးဌာန၏ စည်းကြပ်မှု သို့မဟုတ် အခြားဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိပါက -
  - ➢ ယင်းစည်းကြပ်မိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှစ၍ ရက်ပေါင်း(၃၀)အတွင်း စီမံအုပ်ချုပ်မှုနည်းလမ်းအရ ပြန်လည်သုံးသပ်ပေးရန်ညွှန်ကြားရေးမှူးချုပ်ထံလျှောက်ထားနိုင်သည်။
  - ➢ ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက်ကိုကျေနပ်မှုမရှိပါက ရက်ပေါင်း(၉၀)အတွင်းအခွန် အယူခံခုံအဖွဲ့သို့ အယူခံဝင်နိုင်သည်။
  - ➢ ရက်ပေါင်း(၉၀) ကျော်လွန်ပြီးသော်လည်း ညွှန်ကြားရေးမှူးချုပ်၏ ဆုံးဖြတ်ချက် တစ်စုံတစ်ရာ မရရှိပါက ရက်ပေါင်း (၉၀) ပြည့်သည့်နေ့မှစ၍ ရက်ပေါင်း(၃၀)အတွင်း အခွန်အယူခံခုံအဖွဲ့သို့ အယူခံဝင်နိုင်သည်။

## ပြစ်မှုနှင့်ပြစ်ဒဏ်များ

- ❖ မည်သူမဆို လုံလောက်သော အကြောင်းပြချက်မရှိဘဲ အောက်ဖော်ပြပါ အချက်တစ်ရပ်ရပ်ကို ဆောင်ရွက်ရန်ပျက်ကွက်လျှင် ပျက်ကွက်မှုတစ်မျိုးစီအတွက် ဒဏ်ငွေ ပေးဆောင်ရမည်ဖြစ်သည်-
  - ➢ လုပ်ငန်းမှတ်ပုံတင်ရန်ပျက်ကွက်ခြင်း သို့မဟုတ် အခွန်ထမ်းဆိုင်ရာသတင်းအချက်အလက်များ ပြောင်းလဲမှုကိုအကြောင်းကြားရန် ပျက်ကွက်ခြင်း သို့မဟုတ် အခွန်ဥပဒေတစ်ရပ်ရပ်အရ အခွန်ထမ်းမှတ်ပုံတင်ပယ်ဖျက်ခြင်းကို ဥပဒေနှင့်အညီ လျှောက်ထားရန် ပျက်ကွက်ခြင်းများအတွက် ပေးဆောင်ရမည့်အခွန်၏ ၁၀ ရာခိုင်နှုန်း၊
  - ➢ စျေးကွက်ပေါက်စျေး သတ်မှတ်ပေးနိုင်ရေးအတွက် ဥပဒေအရတောင်းခံသည့် သတင်းအချက်အလက်များသတ်မှတ်ထားသော သို့မဟုတ် ထပ်မံတိုးမြှင့်ပေးထားသောအချိန်အတွင်း တင်သွင်းရန် ပျက်ကွက်ပါက ကျပ်(၅၀) သိန်း၊
  - ➢ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ရောင်းချစေရမည့် အထူးကုန်စည်များနှင့်စပ်လျဉ်း၍ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန် ပျက်ကွက်ကြောင်း မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိပါကတွေ့ရှိသည့် အထူးကုန်စည်တန်ဖိုး၏ ၅၀ ရာခိုင်နှုန်း၊
  - ➢ အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်ကို ရရှိပိုင်ဆိုင်ထားလျှင် လက်ဝယ်ထားရှိ သူက ယင်းကုန်စည်တန်ဖိုး၏ ၁၀၀ ရာခိုင်နှုန်း ပေးဆောင်ရမည့်အပြင် ယင်းကုန်စည်များကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း၊
  - ➢ ပေးဆောင်ရမည့်အခွန်ကို သတ်မှတ်ကာလအတွင်း ပေးဆောင်ရန်ပျက်ကွက်လျှင် ပေးဆောင်ခြင်း မရှိသေးသည့် အခွန်၏ ၁၀ ရာခိုင်နှုန်း၊

- သုံးလပတ်ကြေညာလွှာကို အချိန်မီတင်သွင်းရန် ပျက်ကွက်ပါက-
  - ပေးဆောင်ရမည့်အခွန်ပမာဏ၏၅ရာခိုင်နှုန်းအပြင်၊ စည်းကြပ်မှုပြုလုပ်သည့် အချိန်ကာလအထိ ကြေညာလွှာတင်သွင်းရန် ဆက်လက်ပျက်ကွက်နေသည့် တစ်လချင်းစီအတွက် သို့မဟုတ် တစ်လ၏အစိတ်အပိုင်းအတွက် ပေးဆောင်ရမည့် အခွန်ပမာဏ၏ ၁ ရာခိုင်နှုန်း သို့မဟုတ်
  - ငွေကျပ်တစ်သိန်း ယင်းဒဏ်ငွေ(၂)ရပ်အနက်မှ များရာဒဏ်ငွေ၊
- မည်သူမဆို မှားယွင်းသော သို့မဟုတ် လမ်းလွဲစေနိုင်သော သတင်းအချက်အလက်များကို တင်ပြသဖြင့် စည်းကြပ်မှုပြုလုပ်ရာတွင် -
  - အမှန်ပေးဆောင်ရမည့်အခွန်အောက် လျော့နည်းပေးဆောင်ခဲ့ခြင်း/ အမှန်ပြန်အမ်းရမည့်ငွေထက် ပိုမိုပြန်အမ်းခဲ့ခြင်းများအတွက် ဒဏ်ကြေးငွေကျပ် တစ်သိန်းငါးသောင်း အပြင်
  - အမှန်ပေးဆောင်ရမည့်အခွန် သို့မဟုတ် အမှန်ပြန်အမ်းရန် အခွန်ငွေတို့နှင့် ခြားနားခဲ့သည့် အခွန်ပမာဏ ယင်းတို့အနက်များရာကို ဒဏ်ကြေးငွေအဖြစ် ပေးဆောင်ရမည်။
- မည်သူမဆို ကြေညာလွှာတွင် ကြိုတင်ကြံရွယ်ချက်ဖြင့် မမှန်ကန်သောဖော်ပြချက် သို့မဟုတ် ချန်လှပ်ချက်တစ်ခုခုအရ အခွန်လျော့နည်းပေးဆောင်ခဲ့လျှင် အောက်ပါဒဏ်ကြေးငွေကိုပေးဆောင်ရမည်ဖြစ်သည်-
  - လျော့နည်းပေးဆောင်ခဲ့သည့် အခွန်ပမာဏ၏ ၂၅ ရာခိုင်နှုန်း၊
  - ပေးဆောင်ရမည့်အခွန်၏ ၅၀ ရာခိုင်နှုန်းထက် ကျော်လွန်နေပါက လျော့နည်းပေးဆောင်ခဲ့သည့် အခွန်ပမာဏ၏ ၇၅ ရာခိုင်နှုန်း၊
  - လျော့နည်းပေးဆောင်ခဲ့သည့် အခွန်ပမာဏသည် ကျပ်သိန်းတစ်ထောင်ထက် ကျော်လွန်လျှင် လျော့နည်းပေးဆောင်ခဲ့သည့်အခွန် ပမာဏ၏ ၇၅ ရာခိုင်နှုန်း၊

- မည်သူမဆို လိုအပ်သည့် စာတမ်းအမှတ်အသားများအား ထားရှိထိန်းသိမ်းရန် ပျက်ကွက်လျှင် ဆက်လက်ဖြစ်ပွားသည့် တစ်ရက်ချင်းစီအတွက်ပေးဆောင်ရမည့် ဒဏ်ကြေးငွေမှာ-
  - ပေးဆောင်ရမည့်အခွန်ငွေ ကျပ်(၅)သိန်းထက် မပိုသူဖြစ်ပါက တစ်ရက်လျှင် ကျပ်ငါးထောင်၊
  - ပေးဆောင်ရမည့်အခွန်ငွေ ကျပ်သိန်း(၅၀)ထက် မပိုသူဖြစ်ပါကတစ်ရက်လျှင် ကျပ်ငါးသောင်း၊
  - ပေးဆောင်ရမည့်အခွန်ငွေကျပ်သိန်း(၅၀)ထက်ကျော်လွန်သူဖြစ်ပါကတစ်ရက်လျှင်ကျပ်တစ်သိန်း၊
- မည်သူမဆို အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေအရ အခွန်ဝန်ထမ်းကို ရုံးလုပ်ငန်းဆောင်ရွက်ရန် ထိုက်သင့်သည့်နေရာ၊ အသုံးအဆောင်နှင့် လိုအပ်သည့်အကူအညီများပေးရန် ပျက်ကွက်ပါက ကျပ်ငါးသိန်း ထက်မပိုသော ဒဏ်ကြေးငွေကို ပေးဆောင်ရမည်။
- မည်သူမဆို အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေအရ သတင်းအချက်အလက်ပေးပို့ရန် အကြောင်းကြားစာအရ တောင်းခံသည့် သတင်းအချက်အလက်များကို သတ်မှတ်ချိန်အတွင်း ပေးအပ်ရန် ပျက်ကွက်ပါက ကျပ်(၅)သိန်းထက် မပိုသော ဒဏ်ကြေးငွေကို ပေးဆောင်ရမည်။

- မည်သူမဆို အခွန်စည်းကြပ်ကောက်ခံခြင်းကို သိလျက်နှင့် တမင်ရှောင်တိမ်းခြင်း သို့မဟုတ် ရပိုင်ခွင့်မရှိသော ပြန်အမ်းငွေကို သိလျက်နှင့်တမင်ကြံရွယ်ချက်ဖြင့် တောင်းခံခြင်းပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်-
  - ထိုသူကို ၇ နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊
  - ကျပ်နှစ်သိန်းငါးသောင်းနှင့် ရှောင်တိမ်းခဲ့သည့် ကာလအတွက် အခွန်၏ ၁၀၀ ရာခိုင်နှုန်းနှင့် ညီမျှသော ငွေပမာဏတို့အနက် များရာငွေဒဏ်ကိုဖြစ်စေ၊
  - ဒဏ်နှစ်ရပ်စလုံးကိုဖြစ်စေ ချမှတ်နိုင်သည်။

## ဆုငွေချီးမြှင့်ခြင်း

- အခွန်မပေးဆောင်ရသေးသော အထူးကုန်စည်များ ရရှိပိုင်ဆိုင်ထားခြင်းအတွက် တပ်ရိုက်သည့် ဒဏ်ကြေးငွေများနှင့် ကုန်စည်များအပေါ် သတ်မှတ်အခွန်အမှတ်တံဆိပ်များ ကပ်နှိပ်ရောင်းချရန် ပျက်ကွက်ခြင်းများအတွက် တပ်ရိုက်သည့်ဒဏ်ကြေးငွေများအဖြစ် ကောက်ခံရရှိငွေမှ ဆုကြေးငွေကို ချီးမြှင့်ခြင်းဖြစ်ပါသည်-
  - သတင်းပေးတင်ပြသူအား ၂၀ ရာခိုင်နှုန်းကို လည်းကောင်း၊
  - စစ်ဆေးတွေ့ရှိသည့် မြို့နယ်အခွန်ဦးစီးဌာနမှူးအား ၁၀ ရာခိုင်နှုန်းကို လည်းကောင်း၊
  - မြို့နယ်အခွန်ဦးစီးဌာနမှူးက စစ်ဆေးတွေ့ရှိခြင်းဖြစ်ပါက စစ်ဆေးတွေ့ရှိသည့် မြို့နယ်အခွန် ဦးစီးဌာနမှူးအား ၃၀ ရာခိုင်နှုန်းကို လည်းကောင်း၊
  - ရှာဖွေဖမ်းဆီးသည့် အဖွဲ့အား ၃၀ ရာခိုင်နှုန်းကို လည်းကောင်း၊

- အသေးစိတ်အချက်အလက်များကို ထပ်မံသိရှိလိုပါက အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး သို့မဟုတ် အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများ သို့မဟုတ် မြို့နယ်အခွန်ဦးစီးဌာနမှူးရုံးများ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(နေပြည်တော်)၊ ရုံးအမှတ်-၄၆၊ ဖုန်းနံပါတ် ၀၆၇-၃၄၃၀၅၃၃၊ ၀၆၇- ၃၄၃၀၅၂၂ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(ရန်ကုန်)၊ အမှတ် ၅၉/၆၁ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်းနံပါတ် ၀၁-၃၇၈၃၇၀၊ ၀၁-၃၇၈၃၇၂ သို့မဟုတ် အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (မန္တလေး)၊ ၆၅ လမ်း၊ ၂၂×၂၃လမ်းကြား၊ ၀၂- ၄၀၃၀၁၉၂ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။ ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သော www.ird.gov.mm သို့ ဝင်ရောက်ကြည့်ရှုလေ့လာပြီး လိုအပ်သည့် ဥပဒေ၊ နည်းဥပဒေ များကို download ရယူနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**